**ရှင်ပြုပေးကြခြင်း။** ။အရှင်သာရိပုတြာသည် စောစော ကပင် "မိမိဆွေမျိုးများသည် မိစ္ဆာဒိဋ္ဌိ ဖြစ်သောကြောင့် တယောက်တလေ ရှင်ရဟန်းပြုဘို့ ခွင့်တောင်းလာလျှင် သူတို့မိဘကို ခွင့်ပန်နေဘွယ် မလိုပါ၊ မိမိသည်ပင် မိဘဖြစ်ပါသည်"ဟု ရဟန်းများအား ပြောထားပြီး ဖြစ်၏၊ ထို့ကြောင့် ရဟန်းတော်များသည် အရှင်သာရိပုတြာ၏ ညီငယ်ဟု ကြားသည်နှင့် တပြိုင်နက် ဝမ်းသာအားရ ရှင်သာမဏေ ပြုပေးကြလေသည်။

**ရဟန္တာဖြစ်ခြင်း။** ။ကိုရင် ရေဝတသည် ရှင်သာမဏေပြုပြီးနောက် မိဘများ လိုက်ရှာလျှင် တွေ့သွားမည် စိုးသောကြောင့် ရဟန်းများထံ ကမ္မဋ္ဌာန်းအစီအစဉ်ကို သင်ယူကာ ထိုနေရာမှ အလွန်ဝေးကွာသော ရှားတောသို့ ကြွသွား၍ တရားအားထုတ်လေရာ, ဝါလမကျတ်မီ အတွင်း၌ ရဟန္တာ ဖြစ်လေသည်၊ ဤသို့ ၇-နှစ်အရွယ် သာမဏေငယ် ရှင်ရေဝတသည် ရဟန္တာဖြစ်၍ ဝါကျွတ်လတ်သော် ဘုရားရှင်နှင့် အရှင်သာရိပုတြာတို့သည် ရဟန်းတော်ငါးရာနှင့် အတူ သာမဏေ ရှင်ရေဝတ၏နေရာ ရှားတောကမ္မဋ္ဌာန်းကျောင်းသို့ ကြွတော်မူကြလေသည်။

## မှတ်သားဘွယ်

ကိုရင်များ....အရှင်သာရိပုတြာ၏ ညီတော် အငယ်ဆုံး ရှင်ရေဝတ၏ ဝတ္ထုကြောင်းကို ဖတ်ပြီးသောအခါ ကိုရင်တို့ အတွက် "ဘာများ မှတ်သားစရာ ပါသလဲ"လို့ စဉ်းစားကြစမ်းပါ။